
MYANMAR GARMENT MANUFACTURERS ASSOCIATION

# NEWSLETTER

NOVEMBER 2022, ISSUE




## အလုပ်သမားဥပဒေလေး စားလိုက်နာမှုစစ်ဆေးခြင်း (VLCA Online System) မိတ်ဆက်ပွဲအခမ်းအနား

"

MGMA ၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်မှ အဘယ်ကြောင့် VLCA သည် MGMA ရေရှည်တည်တံ့ ခိုင်မြဲမှုအတွက် မရှိမဖြစ်လိုအပ်သည့်လိုအပ်ချက်တစ်ခု ဖြစ်သနည်း နှင့် VLCA ၏နောက်ခံသမိုင်းကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် MGMA သည် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းအတွက် **"Responsibly Exist"** တာဝန်ရှိစွာတည်ရှိနေကြောင်း နှင့် အဖွဲ့ဝင်စက်ရုံများမှ အလုပ်သမားဥပဒေလေးစားလိုက်နာမှုများနှင့်ပတ်သက်၍ရှင်းလင်းတင်ပြခဲ့သည်။



လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး



CMP စနစ်ဖြင့် တင်သွင်း/တင်ပို့မှု သတင်းပို့ချက်အခြေပြဇယား လုပ်ငန်းစဉ်ဆိုင်ရာ အစည်းအဝေး



The Textile Buyer Seller Meets in Kolkata, India

# မာတိကာ

## Activity


အလုပ်သမားဥပဒေလေးစား လိုက်နာမှု စစ်ဆေးခြင်း (VLCA Online System) မိတ်ဆက်ပွဲအခမ်းအနား ... ၂-၃

CMP စနစ်ဖြင့် တင်သွင်း/တင်ပို့မှု သတင်းပို့ချက်အခြေပြဇယား လုပ်ငန်းစဉ်ဆိုင်ရာ အစည်းအဝေး ......... ၄-၅

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ........................................................................ ၆

The Textile Buyer Seller Meets in Kolkata, India ............................................................. ၇


## News


Environmental Management System Training ............................................................. ၈-၉

Voluntary Labor Compliance Assessment စစ်ဆေးခြင်း ........................................................ ၁၀-၁၁


## Upcoming Activity

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | AFTEX 48th COUNCIL MEETING AND 46th PLENARY SESSION in Ho Chi Min City, Vietnam | 14-15 December, 2022 | Ho Chi Min City, Vietnam |
| 2. | Organizational Development workshop for MGMA staff members | 23-25 December,2022 | Vertex Bagan Hotel |
| 3. | Regular Labour Law Awareness Training | TBA | MGHRDC |

## Membership Update


Membership update as of November 2022 ............................................... ၁၂

# အလုပ်သမားဥပဒေလေးစားလိုက်နာမှု စစ်ဆေးခြင်း (VLCA Online System) မိတ်ဆက်ပွဲအခမ်းအနား




**Chairman of MGMA delivering Welcome Remarks**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)၏ အလုပ်သမားဥပဒေလေးစားလိုက်နာမှု စစ်ဆေးခြင်း Online System (VLCA Online System) မိတ်ဆက်ပွဲအခမ်းအနား ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက် က Lotte Hotel, Sapphire Room ၌ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပထမဦးစွာ MGMA ၏ ဥက္ကဌ ဦးမြင့်စိုးမှ ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ပြီး MGMA ၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်မှ အဘယ်ကြောင့် VLCA သည် MGMA ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် မရှိမဖြစ်လိုအပ်သည့်လိုအပ်ချက်တစ်ခုဖြစ်သနည်း နှင့် VLCA ၏နောက်ခံသမိုင်းကြောင်းများကိုရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် MGMA သည် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းအတွက် " Responsibly Exist" တာဝန်ရှိစွာတည်ရှိနေကြောင်း နှင့် အဖွဲ့ဝင်စက်ရုံများမှအလုပ်သမားဥပဒေလေးစားလိုက်နာမှုများနှင့်ပတ်သက်၍ရှင်းလင်းတင်ပြခဲ့သည်။




**Panel Section**

ထို့နောက် MGMA ၏ အလုပ်သမားရေးရာအရာရှိ ဦးမင်းစိုးဟန်မှ VLCA Online System အကြောင်း၊ ဝက်ဘ်ဆိုက်ပေါ်တွင် စာရွက်စာတမ်းများတင်သွင်းပုံအဆင့်အဆင့် နှင့် အထည်ချုပ်လုပ်သားများ၏ မကျေနပ်ချက်များကို တိုင်ကြားနိုင်သည့် grievance mechanism အကြောင်းကိုအသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ Panel Section တွင် အဖွဲ့ဝင်စက်ရုံများတွင် VLCA စစ်ဆေးခြင်းဖြင့်ရရှိနိုင်သောအကျိုးကျေးဇူးများ နှင့် စိန်ခေါ်မှုများကို ဒေါ်ခိုင်ခိုင်နွယ် (အထွေထွေအတွင်းရေးမှူး)၊ ဦးအောင်မျိုးဟိန်း (ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)၊ ဦးမင်းစိုးဟန် (အလုပ်သမားရေးရာအရာရှိ) နှင့် အဖွဲ့ဝင်စက်ရုံ (၂) ရုံ မှ တာဝန်ရှိလူကြီးမင်းများမှပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမေးအဖြေကဏ္ဍတွင် တက်ရောက်လာသောလူကြီးမင်းများမှမေးမြန်းမှုများကိုပြန်လည်ဖြေကြားပေးခဲ့ကြသည်။ အခမ်းအနားသို့ MGMA ၏အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရှိ Foreign Garment Association မှတာဝန်ရှိလူကြီးမင်းများ၊ International Organization နှင့် အဖွဲ့ဝင်စက်ရုံများမှတာဝန်ရှိလူကြီးမင်းများ တက်ရောက်ခဲ့ပြီး အခမ်းအနားနောက်ဆုံးတွင် အမှတ်တရစုပေါင်းဓါတ်ပုံ ရိုက်ကူးခဲ့ကြသည်။



**Executive Committee of MGMA Group Photo**




**Executive Committee of MGMA Group Photo**



**Labour Officer of MGMA presenting VLCA Online System**



**Panel Section**



**Q & A Session by Japan Garment Manufacturers Association (JGMA)**



**Q & A Session**

# CMP စနစ်ဖြင့် တင်သွင်း/တင်ပို့မှု သတင်းပို့ချက်အခြေပြဇယား လုပ်ငန်းစဉ်ဆိုင်ရာ အစည်းအဝေး



**Secretary General of MGMA Daw Khine Khine Nwe explain about Custom Table Process**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းတို့ပူးပေါင်းပြီး CMP လုပ်ငန်းများလွယ်ကူချောမွေ့မှန်ကန်စေရေးအတွက် CMP စနစ်ဖြင့် တင်သွင်း/တင်ပို့မှုသတင်းပို့ချက်အခြေပြဇယားလုပ်ငန်းစဉ်ဆိုင်ရာအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နှင့် ၂၀ ရက်များတွင် UMFCCI အဆောက်အဦ၊ မင်္ဂလာခန်းမ၌ပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးကို CMP စက်ရုံများမှ ၎င်းတို့၏ CMP စနစ်ဖြင့် တင်သွင်း/တင်ပို့မှု သတင်းပို့ချက်အခြေပြဇယားကို တိကျမှန်ကန်စွာဖြည့်စွက်နိုင်ရန် နှင့် အချက်အလက်မှန်ကန်စွာဖြင့် အကောက်ခွန်ဌာနသို့ ပေးပို့နိုင်ရန်ပြုလုပ်ခြင်းဖြစ်သည်။



**CEC of MGMA U Tun Tun explain about Custom Table Process**

အစည်းအဝေးတွင် MGMA အထွေထွေအတွင်းရေးမှူး ဒေါ် ခိုင်ခိုင်နွယ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အသင်းဝင်များအနေဖြင့် CMP စနစ်ဖြင့် တင်သွင်း/တင်ပို့မှု သတင်းပို့ချက်အခြေပြဇယားလုပ်ငန်းစဉ်များကို အဘယ်ကြောင့်မှန်ကန်စွာဖြည့်စွက်ရသနည်းကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဇယားတွင်မည်သို့မည်ပုံဖြည့်စွက်ရမည်ကို ထပ်မံပြောကြားခဲ့သည်။ MGMA အနေဖြင့် ယခုလိုပြုလုပ်ခြင်းသည် CMP လုပ်ငန်းစဉ်များကို Custom ဌာနဖြင့် လွယ်ကူချောမွေ့စွာချိတ်ဆက်နိုင်ရန်အတွက် ဝန်ဆောင်မှုပေးခြင်းဖြစ်သည်။ အဆိုပါ အခြေပြဇယားလုပ်ငန်းစဉ်စနစ်ကို MGMA အဖွဲ့ဝင်များသိရှိစေရန်အတွက် ၁၄-၁၂-၂၀၂၂ ရက်အထိ အစမ်းဝင်ရောက်အသုံးပြုနိုင်မည်ဖြစ်ပြီး CMP ဇယားအစီရင်ခံစာနှင့်ပတ်သက်ပြီး နောက်ထပ်မေးခွန်းများကျန်ရှိပါက အသေးစိတ်အချက်အလက်များကို MGMA သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။



Participants



CECs of MGMA



Q & A Session



Q & A Session



Q & A Session



Participants

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး







လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင်အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ်ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ အသင်း၏ နိုင်ငံတကာမိတ်ဖက်ပါတနာများမှ ဖိတ်ကြားသောပွဲများကိုပါဝင်တက်ရောက်နိုင်ရေးကိစ္စရပ်များ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နှင့် ၅ ရက်တွင် Indian Chamber of Commerce (ICC) မှကြီးမှူးသည့် အိန္ဒိယနိုင်ငံတွင်ပြုလုပ်သော Textile Buyer Seller Meet in Kolkata ပွဲသို့ ညီနောင် MRGMA အသင်းမှအလုပ်အမှုဆောင်များကို တက်ရောက်စေရေးကိစ္စရပ်များ၊ လတ်တလောလုပ်ဆောင်နေသော CMP Export/ Import table ဇယားများဖြည့်သွင်းရာတွင် Custom/ OSS တို့နှင့် ညှိနှိုင်းပူးပေါင်းကာ အသင်းဝင်များအဆင်ပြေစွာစနစ်တကျဖြည့်သွင်းနိုင်ရေးကိစ္စရပ်များနှင့် ယင်းကိစ္စရပ်များကိုအားထည့်ဆောင်ရွက်နိုင်ရန်အချိန်ပိုင်းဝန်ထမ်းအင်အားဖြည့်သွင်းနိုင်ရေးကိစ္စရပ်များ၊ VLCA online System တရားဝင်မိတ်ဆက်ရှင်းလင်းတင်ပြခြင်းအခမ်းအနားကိုအောင်မြင်စွာကျင်းပနိုင်ရေးအတွက်ဖိတ်ကြားရေးအစီအစဉ်များ နှင့် အသင်း၏ဌာနတွင်းရှေ့ဆက်လုပ်ဆောင်ရန်ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။ အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး အခြားသောအလုပ်အမှုဆောင်အဖွဲ့ဝင်များမှ Zoom Application ဖြင့်တက်ရောက်ခဲ့ကြသည်။

# The Textile Buyer Seller Meets in Kolkata, India.

**“ အဆိုပါအစည်းအဝေး၏ရည်ရွယ်ချက်မှာ Exclusive B2B Meeting များတွင် အိန္ဒိယနိုင်ငံမှ အကောင်းဆုံးထုတ်လုပ်သူများနှင့် အိန္ဒိယ အထည်အလိပ် ထုတ်လုပ်သူများ၏ လုပ်ငန်းကိုမြှင့်တင်နိုင်ရန်အစပြုခြင်းဖြစ်သည်။ “**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းများအသင်း (MGMA) နှင့် Indian Chamber of Commerce (ICC) တို့ပူးပေါင်းပြီး The Textile Buyer Seller Meets ကို Ministry of Commerce, Government of India ၏ ပံ့ပိုးကူညီမှုဖြင့်ကျင်းပပြုလုပ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MRGMA) မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ MGMA အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နှင့် ၅ ရက်များတွင် အိန္ဒိယနိုင်ငံ Park Hotel Kolkata ၌ပြုလုပ်ခဲ့ပြီး ဦးတင်မောင်ဝင်း (GM of Dagon Talent Garment)၊ MRGMA ၏အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်သော ဒေါ်မြသန္တာထွဋ်၊ ဦးစိုးမိုးကျော်မင်း၊ ဒေါ်နန်းကေသွယ်ထွန်း နှင့် ဒေါ်ဖြူဖြူမြင့် တို့တက်ရောက်ခဲ့ကြသည်။





အဆိုပါအစည်းအဝေး၏ရည်ရွယ်ချက်မှာ Exclusive B2B Meeting များတွင် အိန္ဒိယနိုင်ငံမှ အကောင်းဆုံးထုတ်လုပ်သူများနှင့် အိန္ဒိယ အထည်အလိပ်ထုတ်လုပ်သူများ၏ လုပ်ငန်းကို မြှင့်တင်နိုင်ရန်အစပြုပေးရန်ဖြစ်သည်။ ၎င်းအစီအစဉ်သည် Textile Community ကိုပံ့ပိုးပေးနိုင်ရန်အတွက်နိုင်ငံအလိုက် အထည်အလိပ်ထုတ်လုပ်သူများနှင့်တင်သွင်းသူများကို ကမ္ဘာ့ဈေးကွက်များနှင့်ချိတ်ဆက်နိုင်ရန်အတွက် Platform တစ်ခုကို ဖန်တီးပေးသည့် အစီအစဉ်တစ်ခုဖြစ်သည်။








## Environmental Management System Training



Group Photo



MD of MGMA giving opening remarks

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး Environmental Management System Training ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ LIFT Myanmar ၏ပံ့ပိုးကူညီမှုဖြင့်ပြုလုပ်ခဲ့သည်။

ပထမဦးစွာ MGMA ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ အဆိုပါသင်တန်းအား အရည်အသွေးနှင့်စံချိန်စံနှုန်းစစ်ဆေးခြင်းအတွက် စာရွက်စာတမ်းစနစ်အား ပြင်ဆင်ခြင်းနှင့် စီမံခန့်ခွဲခြင်းအပါအဝင် စက်ရုံများတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဖြေရှင်းချက်ဖြင့် စံချိန်စံညွှန်းသတ်မှတ်ထားသော ISO-14001 ၏အလေ့အကျင့်များဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။



Trainer Team presenting EMS

Myanwei Environmental Solutions Co., Ltd မှ သင်တန်းနည်းပြအဖွဲ့မှ Methodology of EMS, Environmental Managemental Plan (EMP), Monitoring process to to EMS best practices, Introduction to ISO-14001, Continual Improvement of EMS များကို energizer activity များ၊ အဖွဲ့လိုက်ဆွေးနွေးမှုများနှင့် အဖွဲ့လိုက် presentation ပြုလုပ်ခြင်းများဖြင့်သင်ကြားပေးခဲ့သည်။

သင်တန်းသို့ MGMA အဖွဲ့ဝင်စက်ရုံမှ သင်တန်းသား (၃၇) ယောက်တက်ရောက်ခဲ့သည်။ သင်တန်းပြီးဆုံးကြောင်းနှုတ်ဆက်စကားကို MGMA ၏မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှ ပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။




Trainer Team presenting EMS



Group Work Discussion



Group Work Discussion



Group Presentation



Group Presentation



Awarding Certificate




Awarding Certificate

# Voluntary Labour Compliance Assessment စစ်ဆေးခြင်း



Hackers Enterprises (Myanmar) Co.,Ltd



Hua Meng (Myanmar) Co.,Ltd

**V L C A**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ပုသိမ်မြို့ရှိ အသင်းဝင်စက်ရုံ (၅) ရုံကို သွားရောက်အကဲဖြတ်စစ်ဆေးခဲ့သည်။

အဆိုပါ စက်ရုံ ၅ ရုံမှာ Vent D’est Pathein Clothing Co.,Ltd, North Shore Group Co.,Ltd, Myanmar Knitting Factory Ltd, Hua Meng (Myanmar) Co.,Ltd နှင့် Hackers Enterprises (Myanmar) Co.,Ltd တို့ဖြစ်သည်။ Pathein Industrial City ရှိ Vent D’est Pathein Clothing Co.,Ltd သို့ နိုဝင်ဘာလ ၈ ရက်တွင်လည်းကောင်း၊ Pathein Industrial Zone ရှိ North Shore Group Co.,Ltd သို့ နိုဝင်ဘာလ ၉ ရက်တွင်လည်းကောင်း၊ Pathein Industrial Zone ရှိ Myanmar Knitting Factory Ltd သို့ နိုဝင်ဘာလ ၁၀ ရက်တွင်လည်းကောင်း၊ ကန်ကြီးထောင့်မြို့နယ်ရှိ Hua Meng (Myanmar) Co.,Ltd သို့ နိုဝင်ဘာလ ၁၁ ရက်တွင်လည်းကောင်း၊ Pathein Industrial Zone ရှိ Hackers Enterprises (Myanmar) Co.,Ltd သို့ နိုဝင်ဘာလ ၁၂ ရက်တွင်လည်းကောင်းသွားရောက်စစ်ဆေးခဲ့သည်။

စက်ရုံများတွင် MGMA ၏ Labour Officer မှ VLCA အစီအစဉ်တွင်အကျုံးဝင်သည့် စာရွက်စာတမ်းအားလုံးနှင့်ကိုက်ညီမှုရှိ၊မရှိကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့်အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်တွင်တရားဝင်ကြေညာခဲ့သည်။



North Shore Group Co.,Ltd




Myanmar Knitting Factory Ltd




Vent D'est Pathein Clothing Co.,Ltd



Vent D'est Pathein Clothing Co.,Ltd



Hackers Enterprises (Myanmar) Co.,Ltd



Hua Meng (Myanmar) Co.,Ltd

## UPCOMING ACTIVITY

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | AFTEX 48th COUNCIL MEETING AND 46th PLENARY SESSION in Ho Chi Min City, Vietnam | 14-15 December, 2022 | Ho Chi Min City, Vietnam |
| 2. | Organizational Development workshop for MGMA staff members | 23-25 December,2022 | Vertex Bagan Hotel |
| 3. | Regular Labour Law Awareness Training | TBA | MGHRDC |

## MEMBERSHIP UPDATE

Membership Update as of November 2022

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 70 |
| | China | 300 |
| | Korea | 56 |
| | Japan | 18 |
| | Others | 22 |
| | Joint Venture | 27 |
| | Local, Sub-Con, Marketing, Inspection ,Textile | 48 |
| Total (Active) | | 541 |
| Grand Total | | 787 |